ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန


ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ညောင်ဦးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

မီးလောင်ဖျားအုပ်စု၊ ပြည်တော်သာကျေးရွာ

၂၀၁၇-ခုနှစ် ညောင်ဦးမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


# ညောင်ဦးမြို့နယ်လူထုဗဟိုပြု စီမံကိန်း



ညောင်ဦးခရိုင်၊ညောင်ဦးမြို့နယ်၊ မီးလောင်ဖျားကျေးရွာအုပ်စု၊စီမံခန့်ခွဲရေးစီးပွားရေးလူမှုရေးအခြေပြမြေပုံ



# ပြည်တော်သာကျေးရွာအခြေပြမြေပုံ (၂၀၁၅ - ၂၀၁၆)




မြေပုံဆွဲသူ - ဦးတင်ဦး

ပြည့်စေတီသာကျေးရွာ



ကျေးရွာ - ပြည်သော်တာ

အုပ်စု - မီးတောင်ဖျား

လူမှုရေး အခြေအနေနှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ

သုံးသပ်ချက်

ပြည်သော်တာ လူမှုရေး အခြေအနေနှင့် သဘာဝအရင်း အမြစ်ပြ မြေပုံ ရေးဆွဲခြင်းသည် လူမှုဆန်းစစ်ခြင်း (PRA Tools) တွင် တစ်ခု အပါအဝင် ဖြစ်သည်။

လူမှုရေး အခြေအနေနှင့် သဘာဝ အရင်းအမြစ်ပြ မြေပုံရေးဆွဲခြင်းအားဖြင့်

- လူမှုရေး အရင်းအမြစ်များ ပကတိ အခြေအနေများကို သိမြင်နိုင်ခြင်း၊
- ကျေးရွာ၏ လိုအပ်ချက်များကို ရှင်းလင်းစွာ မြင်တွေ့နိုင်ခြင်း၊
- ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်စေခြင်း စသည်ဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုများအတွက် အထောက်အကူ ဖြစ်စေနိုင်ကြောင်း၊ သုံးသပ်ဆွေးနွေးခဲ့ပါသည်။

မီးလောင်ဖျားအုပ်စုရှိကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|
| ၁။ | မီးလောင်ဖျား | မီးလောင်ဖျားမြောက် |
| | | မီးလောင်ဖျားတောင် + ရွာသစ် |
| | | မြှုပ်တော်ဘာ |
| | | လယ်ကန် |
| | | မီးလောင်ဖျားကျွန်း (သယျာကြူ)ကျွန်း |

# ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | အုပ်စုအမည် | ကျေးရွာအမည် | အိမ်ထောင်စု | လူဦးရေ | | |
|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း |
| ၁ | မီးလောင်ဖျား | မီးလောင်ဖျား(တောင်) | ၃၉၆ | ၄၇၃ | ၆၀၈ | ၁၀၈၁ |
| ၂ | မီးလောင်ဖျား | မီးလောင်ဖျား(မြောက်) | ၄၆၀ | ၈၃၈ | ၆၂၃ | ၁၄၆၁ |
| ၃ | မီးလောင်ဖျား | မီးလောင်ဖျားကျွန်း | ၁၅၆ | ၂၈၉ | ၃၂၂ | ၆၁၁ |
| ၄ | မီးလောင်ဖျား | လယ်ကန် | ၁၀၇ | ၂၀၄ | ၂၁၆ | ၄၂၀ |
| ၅ | မီးလောင်ဖျား | ပြည်တော်သာ | ၁၄၀ | ၂၉၄ | ၃၂၅ | ၆၁၉ |
| | | | | စုစုပေါင်းလူဦးရေ | | ၄၄၉၂ |

# ပြည်တော်သာကျေးရွာသမိုင်းအကျဉ်းချုပ်

၁။ ပြည်တော်သာကျေးရွာကို လွန်ခဲ့သော ၁၃၁၅–ခုနှစ်၊ တပို့တွဲလမှစ၍ ရွာတည်ခဲ့ပါသည်။ ပြည်တော်သာကျေးရွာ၏ မူလအမည်မှာ ညောင်ဇင်ရွာဖြစ်ပါသည်။ ကျေးရွာကို မိသားစု(၅)စုနှင့် အိမ်ခြေ(၂၇)အိမ်နှင့် စတင်တည်ခဲ့ပါသည်။ ယခုရွာတည်ခဲ့သော ဦးဘိုးကြည်၏ဖခင် (၁)ဦးရွှေညင်း+ဒေါ်ပွင့်မိသားစု၊ (၂) ဦးနေဒွန်း+ဒေါ်ဖွားအောင်မိသားစု၊ (၃) ဦးပန်းမြို့+ဒေါ်ရှုမိသားစု၊(၄) ဦးဖြိုးအောင်+ဒေါ်အိမ်ကြွယ်မိသားစု၊ (၅)ဦးစီ+ဒေါ်အေးမိသားစု ၄င်းမိသားစု(၅)စုနှင့် အိမ်ခြေ(၂၇)အိမ်တို့ ရအောင်စုစည်းပြီး ကျေးရွာတည်ခဲ့ပါသည်။ ရွာမတည်မီက တဲစုကလေးတွေ ဟိုတစ်စုဒီတစ်စု မိမိယာထဲချောင်းထဲမှာ တစ်ကွဲတစ်ပြားနေခဲ့ကြတဲ့အချိန်အခါဖြစ်ပါသည်။ အဲဒီအချိန်တုံးက ဒုတိယကမ္ဘာစစ်မပြီးဆုံးသေးသော ကာလ၊ ဂျပန်စစ်သားကြောက်ရ၊ အင်္ဂလိပ်စစ်တပ်ကြောက်ရနှင့် ကျီးလန့်အစာစားနေရတဲ့အချိန်အခါဖြစ်ပါသည်။ ၄င်းမိသားစု (၅)စုနေရာကတော့ ယခုကျေးရွာအရှေ့တည့်တည့် ကွင်းအမှတ်(၁၇၄၇)၊ ဦးပိုင်(၁၂၃)ဧရိယာအတွင်းထဲမှာ ဦးရွှေညင်း+ဒေါ်ပွင့်မိသားစု (၅)ဦးတစ်ခု ၄င်း၏အနောက်တောင်ဘက်ခပ်ရွှန်းရွှန်း ဦးတင်အေး+ဒေါ်လှရှင်းမိသားစုယာထဲမှာ ဦးပန်းမြိုင်+ဒေါ်ရှုမိသားစု ဆယ်ဦးတစ်စု၊ ယခုရွာ၏ အနောက်တောင်ဘက်၊ လက်ပံပင်မြင့်မြင့်ကြီး၏ အနီးတဝိုက်မှာ ဦးနေဒွန်း+ဒေါ်ဖွားအောင်မိသားစု (၅)ဦးတစ်စု၊ ယခုရွာ၏အနောက်မြောက်ဘက် ကမ္ဘားတန်းအစပ်မှာ ဦးဖြိုးအောင်+ဒေါ်အိမ်ကြွယ်မိသားစုနှင့် ၄င်း၏အရှေ့ဘက်နားမှာ ဦးစီ+ဒေါ်အေးမိသားစုတို့နေထိုင်ကြပါသည်။ အဲဒီလို ဟိုတစ်ဒီတစ်စုနေထိုင်ကြတဲ့အချိန်အခါကာလဖြစ်၊ ခေတ်အချိန်ကလည်း ဒုတိယကမ္ဘာစစ်မပြီးဆုံးသေသောအချိန်နှင့် စစ်ဒုက္ခဘေး အမျိုးမျိုးနှင့်ကြုံတွေ့ရသောအချိန်အခါဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးလို့ လွတ်လပ်ရေးရစအချိန်ကြပြန်သော်လည်း ၄င်းတကွဲတပြားတဲစုလေးတွေဟာ ရဲဘော်ဖြူကြောက်ရ၊ အလံနီကြောက်ရ၊ ဓါးမြကြောက်ရ၊သူခိုးကြောက်ရနှင့် ဒုက္ခအထွေထွေနှင့် ရင်ဆိုင်ကြုံတွေ့ဖြတ်သန်းလာခဲ့ရသော တဲစုလေးတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန် စုစည်းရွာတည်နိုင်ရန်မိမိတို့ကိုးကွယ်ဆည်းကပ်သော သံဃာတော်ဆရာတော်များနှင့် လျှောက်ထားတိုင်ပင်ကြပြီး ကျေးရွာတည်ရန်ဆုံးဖြတ်ကြပါသည်။

ဆရာတော်များမှာ–(၁) စဉ့်ကူငါးမျက်နှာကျောင်းတိုက်ဆရာတော် ဦးဒေဝိန္ဒ၊ (၂)ကျောက်ပန်းတောင်းဆရာတော် တံခါးကြီး ဦးတေဇနိယ၊ (၃)မီးလောင်ဖျားဆရာတော် ဦးကလျာဏ၊ (၄) ပခုက္ကူကျွန်းဆရာတော် ဦးသြဘာသ ၄င်းဆရာတော်(၄)ပါးအားလျှောက်ထားပြီး ရွာတည်ရန် ဆုံးဖြတ်ကြပါသည်။ ဆရာတော်(၄)ပါးမှာလည်း တဲစု(၅)ခုမှ အကြီးအကဲလူကြီးများနှင့် အစည်းအဝေးပြုလုပ်ပြီး ရွာတည်ရန် ဆွေးနွေးတိုင်ပင်ကြပါသည်။ အစည်းအဝေးမှာ ကျောက်ပန်းတောင်းတံခါးကြီးဆရာတော်မှ ဤသို့မိန့်ကြားပါသည်။ ဒကာကြီးတို့ တဲစုကလေးတွေဟာ ဟိုတစ်စုဒီတစ်စုနေကြတော့ ရဲဘောဖြူလည်းကြောက်ရ၊ အလံနီလည်းကြောက်ရ၊ ဓါးမြလည်းကြောင်ရ၊ နွားခိုးလည်းကြောက်ရနှင့် တကွဲတပြားစီဖြစ်နေတာကို တစ်စုတည်းဖြစ်အောင်ရွာတည်မှဖြစ်မယ်၊ ရွာတည်တော့လူလည်းစုစည်းပြီးသားဖြစ်တယ်၊ ခြံစည်းရိုးလုံခြုံအောင်လုပ်ပြီး တစုတည်းနေထိုင်ရင် အားလုံးလုံခြုံစိတ်ချပြီး အိပ်ကောင်းခြင်းအိပ်ရ၊ စားကောင်းခြင်းစားရမှာသေချာဖြစ်မှာပါ။ ဒါကြောင့်ရွာတည်ဖြစ်အောင်တည်ပါလို့ ဆရာတော် ဦးတေဇနိယမှ မိန့်မှာကြားပါသည်။

ရွာနေရာသတ်မှတ်ခြင်း

ရွာနေရာကို ရေရရှိမှုလွယ်ကူသော ရောဝတီမြစ်ကမ်းရဲ့အရှေ့နဖူး ကမ်းရိုးတလျှောက်ဖြစ်သောနေရာကို ရွေးခြယ်၍ ရေတက်သည့်အခါလည်း စိုးရိမ်ကြောက်ကြမှုမရှိသော နေရာကိုရွေး၍ ရွာတည်ခဲ့ပါသည်။ ကျေးရွာတည်မည့်နေရာကို ၁၃၁၅–ခုနှစ်၊ ပြာသိုလ်လဆန်း(၁၀)ရက်နေ့မှာ ဆရာတော်(၄)ပါးအား ပင့်ဖိတ်ဆွမ်းကပ်ပြီး အစည်းအဝေးပြုလုပ်ခဲ့ပါသည်။

၁၃၁၅–ခု၊ တပို့တွဲလပြည့်နေ့မှာ အန္တရာယ်ကင်း မြေသန့်ကမ္မဝါရွတ်ဖတ်ခဲ့ပါသည်။ ၁၃၁၅–ခု၊ တပို့တွဲလပြည့်ကျော်(၁)ရက်နေ့သည် အမြိတ္တစုတ်ရက် ကျသောနေ့ဖြစ်၍ မြေကွက်များအကွက်ဖေါ်ပြီး ပန္နက်ရိုက်ကြပါသည်။ မြေကွက်များကို ယခုရွာလယ်လမ်းဗဟိုပြုပြီး ရွာလမ်းမြောက်ဘက်က ဦးစီ+ဒေါ်အေးယာနှင့် ရွာလယ်လမ်းတောင်ဘက်က ဦးဖိုးကြည်+ဒေါ်ကြွေ ယာကွက်များကို အိမ်ဝိုင်းကွက်သစ်များအဖြစ် သတ်မှတ်အကွက်ချဖေါ်ထုတ်ပြီးဆောင်ရွက်ခဲ့ပါသည်။ အိမ်ဝိုင်းကွက်များကို အတောင်ရေအားဖြင့် ထိပ်ဝအတောင်(၄၀)၊ အလျားအတောင်(၈၀)ဖြင့်လည်းကောင်း၊ အလျားအတောင်(၁၂၀)ဖြင့်လည်းကောင်း၊ အနံအတောင်(၄၀)ဖြင့်လည်းကောင်း၊ အလျားအနံ(၄၀)ပတ်လည်ဖြင့်လည်းကောင်း၊ အလျား(၆၀)ထိပ်ဝအတောင်(၄၀)ဖြင့်လည်းကောင်း၊ အိမ်ဝိုင်းကွက်များကို သတ်မှတ်လျာထားခဲ့ပါသည်။ လမ်းများကို နှစ်အိမ်နှစ်ဝိုင်းပတ်လည် လမ်းများဖောက်လုပ်ပြီး အကွက်ကျကျ စနစ်တကျတည်ထားခဲ့ပါသည်။ အဲဒီအချိန်အခါကာလက ဖဆပလ၊ အမညတ ပါတီများနှင့် မဲဆွယ်စည်းရုံးနေတဲ့အချိန်ကာလမှာ ရွာတည်ဖြစ်ခဲ့ပါသည်။ အဲဒီအချိန်တုံးက မူလရွာနံမည် ညောင်ဇင်ရွာပဲရှိပါသေးသည်။ ကျေးရွာကို အိမ်ခြေ(၂၇)အိမ်ရအောင်စုစည်းတည်ခဲ့ပါသည်။ ပြောရရင် အိမ်ဝိုင်းကွက် (၂၇)ကွက်ရအောင်စုစည်းပြီး ၁၃၁၅–ခု၊ တပို့တွဲလပြည့်ကျော်(၁)ရက်နေ့ နံနက်ပိုင်း နေနာရီနှင့်ခန့်မှန်းခဲ့သော ဂဖဝါး၊ ၁ဖီ (ဂဖားခွဲ) အချိန်အခါမှာ ပန္နက်စတင်ရိုက်၍ တည်ခဲ့ပါသည်။ မိသားစုအကြီးအကဲများက ၁၃၁၅–ခု၊ တပို့တွဲလပြည့်ကျော်(၅)ရက်နေ့အရောက် မိမိအိမ်ဝိုင်းအတွင်းသို့ ပြောင်းရွှေ့နေကြပါသည်။ ခရစ်သက္ကရာဇ်အနေအားဖြင့် ၁၉၅၄ခု၊ ဖေဖေါ်ဝါရီလ(၁၉)ရက်နေ့မှာ မြေကွက်ပန္နက်ရိုက်ပါသည်။ ၁၉၅၄–ခု၊ ဖေဖေါ်ဝါရီ(၂၅)ရက်နေ့မှာ မိသားစုအကြီးအကဲများ မိမိသတ်မှတ်ထားသည့် ယူထားကြသောမြေကွက်အတွင်းသို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။

ညောင်ဇင်ကျေးရွာတည်ပြီးသောအခါမှာ ဦးပန်းမြိုင်+ဒေါ်ရှုမိသားစုမှ မလိုက်လာပဲ မူလနေရာမှာကျန်ရစ်ခဲ့ပါသည်။ ကျေးရွာတည်ပြီးလို့ (၄)နှစ်(၅)နှစ်ကြာတဲ့အချိန်အခါမှာ အိမ်စောင့်အစိုးရတက်လို့ ကျေးရွာလေးမှာ တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်း ဘဝလေးနဲ့နေလို့ထိုင်လို့ကောင်းသောအချိန်ရောက်နေပါပြီ ဖဆပလ၊ ပမညတ၊ တည်မြဲသန့်ရှင်းရေး အိမ်စောင့်အစိုးရခေတ်မှာ ယခုပြည်တော်သာဟာ ညောင်ဇင်မူလနံမည်မပျောက်သေးပါ။ အဲဒီအချိန်တုံးက ရွာလေးမှာအိမ်ခြေ (၅၀)ကျော်လောက်နှင့် စည်းကားနေပြီး ကျေးရွာအတွင်း ဆိတ်၊ ဝက်မမွေးရဆိုတဲ့ စည်းကမ်းထုတ်ထားပါသည်။ ဝိုင်းခြံစည်းရိုးဆိုတာကလည်း သတ်မှတ်ထားတဲ့နယ်(၄)ရပ်၊ ဒေါင့်တိုင် များမှာ ခိုင်ခန့်သော သစ်သားငုပ်၊ ကျောက်ငုပ်များသာ စိုက်ထားခြင်းရှိပြီး တစ်အိမ်နှင့်တစ်အိမ် ဒိုးဒိုးပေါက် မြင်နေကြရပါသည်။ ဝန်ကြီးချုပ်ဦးနုခေတ် ပြည်တော်သာစီမံကိန်းပေါ်ပေါက်လာမှ ၄င်းစီမံကိန်းကို အစွဲပြုပြီး ညောင်ဇင်ရွာမှာ ပြည်တော်သာရွာလို့ အမည်ပြောင်းခေါ်တွင်စေခဲ့ပါသည်။ ၄င်းခေတ်မှာ ရွာတည်ခဲ့သော ညောင်ဇင်ရွာ ပြည်တော်သာစီမံကိန်းမှ ရေတွင်းတစ်တွင်းချပေးခဲ့ပါသည်။ ရေတွင်းမှာ အရှေ့အနောက်ရွာလယ်လမ်းတောင်ဘက် ရွာ၏ဗဟိုတည့်တည့်တွင် အုတ်ရေတွင်း တစ်တွင်း ရရှိခဲ့ပါသည်။ ၄င်းပြည်တော်သာစီမံကိန်းကို အစွဲပြု၍ ယခုညောင်ဇင်ကျေးရွာကို ပြည်တော်သာကျေးရွာဟု အမည်ပြောင်းလဲ ခေါ်ဆိုခဲ့ပါသည်။

ယခုအချိန်မှတောင် ပြည်ထဲရေးမှာ ညောင်ဇင်ပြည်တော်သာဟု အမည်တွဲလျှက်ပေါ်ပေါက်နေပါသည်။

<u>အကိုးအကားများ</u>

- ဦးဖိုးကြည်၏ မှတ်တမ်းမှတ်စုအတွင်းမှရရှိခဲ့ပါသည်။
- ဦးညွန့်မောင် ယခုလက်ရှိ(၉၂)နှစ်ပြောခဲ့သောစကားရပ်များမှတ်တမ်းတင်ခြင်း
- ဒေါ်အုန်းလှ(၈၇)နှစ် ပြောသောစကားရပ်များမှတ်တမ်းတင်ခြင်း
- ဦးကျော်သိန်း(၈၀)နှစ် ပြောသောစကားရပ်များမှတ်တမ်းတင်ခြင်း

သမိုင်းပြုစုသူ

ဦးတင်ဦး
မီးလောင်းဖျားအုပ်စု၊ ပြည်တော်သာကျေးရွာ
ဖုန်း-၀၉-၄၀၂၆၇၂၈၉၉
ရက်စွဲ၊ ၁၃၇၇-ခု၊ တပေါင်းလပြည့်
၂၀၁၆-ခု၊ မတ်လ(၂၃)ရက်

လူထုပေါင်းစုံပါဝင်သော လူမှုဘဝရေးစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်

(PSA / PRA) အကျဉ်းချုပ် ဇယား ဆည်တော်သာ

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကတွေ့ရှိချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးရာသယံဇာတပြမြေပုံ (social map/ Resource map) | ၁၈.၂.၂၀၁၈ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၂၅ | ၂၀ | ၄၅ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေ၊ ယာမြေ လိုက်ခင်း၊ ဘုရား ပုထိုးများစသောကျေးရွာ၏ လက်ရှိအခြေအနေနှင့် ပိုင်ဆိုင်မှုပြ အခြေအနေများကို ရေးဆွဲ ဖော်ထုတ်ပါသည်။ |
| ၂။ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၁၈.၂.၂၀၁၈ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၂၀ | ၂၈ | ၄၈ | ရာသီဥတု စိုက်ပျိုးသီးနှံများ လယ်ယာလုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများ၊ ဝမ်းရေး ဖူလုံမှုနှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေး အစီအစဉ်ပြ ဇယား (Metric Ranking) | ၁၈.၂.၂၀၁၈ | အမျိုးသားအုပ်စု အမျိုးသမီးအုပ်စု | ၄၅ | ၄၈ | ၉၃ | ကျေးရွာသူ ကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်း လုပ်ငန်းစဉ်များကို ညှိနှိုင်း တိုင်ပင်ရေးဆွဲခဲ့ကြသည်

လူထုပေါင်းစုံပါဝင်သော လူမှုဘဝစိစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းဆိုင်


(PSA / PRA) အစည်းအဝေး ချုပ် ဇယား    မြည်တော်သာ

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးဆောင်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၄။ | အဖွဲ့အစည်း ချိတ်ဆက်မှု (Venn Diagram) | ၂၀၁၇-၁၂-၁၆ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၂၀ | ၂၈ | ၄၈ | ကျေးရွာအတွင်းတွင် ရှိနေသော လူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထု အကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာ ရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅။ | လူမှုစီးပွား အဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၀၁၇-၁၂-၁၆ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး | ၄၅ | ၄၈ | ၉၃ | ကျေးရွာအတွင်းရှိ လူများ အကြား ငွေကြေး၊ ပစ္စည်း ဥစ္စာ၊ စီးပွားရေးပိုင်ဆိုင်မှု အဆင့်ခွဲခြားပြသခြင်း ဖြင့် ကျေးရွာအတွက် လိုအပ်မည့် ဝန်ဆောင်မှု ရရှိရေး အစီအစဉ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် စည်းဝေး ခဲ့ကြသည်။ |
| ၆။ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၀၁၇-၁၂-၁၆ | ကျေးရွာသူ၊ ကျေးရွာသား များ၊ အမျိုးသား အုပ်စု၊ အမျိုးသမီး အုပ်စု | ၂၅ | ၂၀ | ၄၅ | အမျိုးသား နှင့် အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း တန်းတူအခွင့်အရေး ယှဉ်ပြိုင်နိုင်မှု၊ ဘဝလုံခြုံမှု စသည့် အခြေအနေအရပ်ရပ် ကိုဆွေးနွေး ခဲ့ကြသည်။ |

ပြဿနာသစ်ပင်

ကျေးရွာ - ပြည်တော်သာ

အုပ်စု - မိုးကောင်းမြား



ရက်စွဲ ⇒ ၂၈·၁၂·၂၀၁၈

ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ ⇒ မြည်တော်သာ

အုပ်စု ⇒ မီးလောင်မျှား

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွဲတော်ရက် | | | | | | | | | | | | |
| စိုက်ပျိုးရေး | | | | | | | | | | | | |
| ရိတ်သိမ်းချိန် | | | ○○ | | ○○ | | | ○○ | | | | ○○ |
| လမ်းပန်းဆက်သွယ်ရေး | | | | | | | | | | | | |
| အလုပ်အကိုင် | | | | | | | | | | | | |
| ဝင်ငွေ | Δ | | Δ | | ΔΔ | | | ΔΔ | | | | ΔΔ |
| ထွက်ငွေ | ΔΔ | | Δ | | Δ | | Δ | ΔΔ | | ΔΔ | | Δ |
| မွေးမြူရေး | | | | | | | | | | | | |
| ကျန်းမာရေး | 8 | | | | | 8 | 8 | | | | | 8 |
| | | | | | | | | | | | | |

# ရာသီစဉ်ပြ ပြက္ခဒိန်

အုပ်စု - မိုးလောင်များ

ကျေးရွာ - ပြည်တော်သာ

ဆွေးနွေးခြင်းနှင့်သုံးသပ်ခြင်း


လယ်ယာမြေ စိုက်ပျိုးခြင်း နှင့် ကိုင်းမြေစိုက်ပျိုးခြင်း လုပ်ငန်းကို အဓိက လုပ်ကိုင်ပါသည်။ လယ်ယာ၊ ကိုင်းမြေ လုပ်ငန်းမှ အပ ကျန်လုပ်ငန်းများမှ ဝင်ငွေ လုံလောက်မှုမရှိပါ။ ရာသီဥတု ဖောက်ပြန်ခြင်း၊ မိုးလေဝသ မမှန်ခြင်း၊ ရေကြီးခြင်း တို့ကြောင့် အထွက်ရရှိမှု နည်းပါးပါသည်။ ကဆုန်၊ ဝါခေါင်၊ သီတင်းကျွတ်၊ တပို့တွဲလများ တွင်အားလပ်ပါသည်။ ဝင်ငွေမလုံလောက်ချိန်တွင် ပန်းရံလုပ်ငန်းကို လုပ်ကိုင်လေ့ရှိပါသည်။ အမျိုးသမီးများသည် အသက်မွေးဝမ်းကြောင်းအဖြစ် ကောက်စိုက်၍ လုပ်ကိုင်ကြပါသည်။ အမျိုးသားများနှင့် လုပ်အားခ တန်းတူမရပါ။ အမျိုးသားများမှ တာဝန်ယူမှုနှင့် ကျား၊ မ ရေးရာ သိမြင်လက်ခံလာအောင် ပြောပြဆွေးနွေးသည်။ တန်းတူညီမျှမှု နှင့် သာတူညီမျှ အကြောင်း ဆွေးနွေးသည်။

ကျား၊မ ကဏ္ဍပြ ပင့်ကူအိမ်

ကျေးရွာ - ဖြည့်တော်သာ

ရက်စွဲ - ၂၆ . ၁၂ . ၂၀၁၆

အုပ်စု - မိုးဟောင်မျှား




ကျား ——

မ ——

ပါဝင်ဆွေးနွေးသူ - ကျေးရွာလူထု

# ကျား၊မ ပင့်ကူအိမ်ပြ ပုံစံ

အုပ်စု - မိုးလောင်ဖျား

ကျေးရွာ - မြည်တော်သာ

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချနိုင်မှု၊ ပူးပေါင်းပါဝင်မှု၊ လူမှုရေး၊ ပညာရေး၊ ပိုင်ဆိုင်မှုတို့တွင် အားနည်းနေသည်။ အိမ်မှုကိစ္စများတွင် အမျိုးသမီးများသည် ကျင်နှံ့ပြည့်ဖြစ်နေသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အများဆုံး လုပ်ကိုင်နေရသည့်အတွက် ဝင်ငွေရရှိနည်းပါသည်။ ပညာရေးအားနည်းနေခြင်း၊ မပြောရဲ မဆိုရဲကာမှ ပါဝင်ဆုံးဖြတ်ခွင့် မရှိပဲ ဖြစ်နေသည်။ ကျေးရွာတွင် အမျိုးသမီး သီးသန့် အသိပညာပေး ဆွေးနွေးပွဲများ လုပ်ပေး ဗဟုသုတ ပေးရမည်။ လုပ်အားခတန်းတူပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

အဖွဲ့အစည်းချိတ်ဆက်မှု

ကျေးရွာ - ပြည်တော်သာ

အုပ်စု - မိုးပေါင်ပျား



# အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ

အုပ်စု - မီးလောင်မျှား

ကျေးရွာ + မြည်တော်သာ

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာတွင် ရာအိမ်မှူးသည် ကျေးရွာအတွင်း အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အဓိကလုပ်ကိုင်သည်။ ပရဟိတ၊ ဝတ်အသင်းများသည် ကျေးရွာ၏ သာရေးနာရေး၊ ဘာသာရေးများတွင် အဓိကပါဝင်သည်။ ပက်မြန်မာ အဖွဲ့များသည် အမျိုးသမီးအဖွဲ့များဖြစ်သည်။ မီးကော်မတီ၊ ကျောင်းကော်မတီများသည် ကျေးရွာ၏ မီးလင်းရေးနှင့် ပညာတတ်မြောက်မှုတွင် အဓိကပါဝင်သည်။

အုပ်ချုပ်ရေးမှူးရုံးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျေးလက်ဦးစီးဌာနများကို ဆက်သွယ်ဆောင်ရွက်သည်။ စာသင်ကျောင်းနှင့် ပတ်သက်၍ အရေးပေါ် အခြေအနေများ ကြုံလာပါက သက်ဆိုင်ရာ ဌာနနှင့် ဆက်သွယ်ဆောင်ရွက်သည်။

ရက်စွဲ ⇒ ၂၆.၁၂.၂၀၁၆

# ဥစ္စာဓန ခွဲခြမ်းစိတ်ဖြာပုံ

ကျေးရွာ ⇒ ပြည်တော်သာ
အုပ်စု ⇒ မီးလောင်ဖျား

| စဉ် | အဆင့် | ခွဲခြားသတ်မှတ်ပုံ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ပြေလည်သော အုပ်စု | ယာမြေ (၅) ဧက ၊ တိုက်အိမ် ၊ နွား (၁) ရှဉ်း TV ၊ ဆိုင်ကယ် ၊ ကား ၊ ဖုန်း ၊ | ၄ | ၂.၈၅ % |
| ၂ | အသင့်အတင့် ပြေလည်သော အုပ်စု | ယာမြေ (၁) ဧက ၊ အုပ်မိုးထရံကာအိမ် ၊ နွား (၁) ရှဉ်း ၊ ဆိုင်ကယ် ၊ TV | ၂၅ | ၁၇.၈၅ % |
| ၃ | မပြေလည်သော အုပ်စု | ထရံကာဝါးကပ်မိုး ၊ နွားမ (၂) ကောင် ဝက်တစ်ကောင် ၊ ဖုန်း | ၅၈ | ၄၁.၄၂ % |
| ၄ | ဆင်းရဲနွမ်းပါးသော အုပ်စု | ထန်းရွက်မိုးထန်းရွက်ကာအိမ် ၊ လက်လုပ်လက်စား | ၄၅ | ၃၂.၁၄ % |
| ၅ | ထီးလှူပယ် / ရှားလှူပယ်သော အုပ်စု | အိမ်မကောင်း | ၈ | ၅.၇၁ % |

# ဥက္ကာဓနု ဒုမြမ်းစိတ်ဖြာခြင်းရေလား

အုပ်စု - မိုးလှောင်မျှား

ကျေးရွာ - မြည်တော်သာ

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာတွင် နွမ်းပါးသော အိမ်ထောင်စု (၄၅) အိမ်ထောင်စု ရှိပါသည်။ ဆင်းရဲနွမ်းပါးရသည့် အကြောင်းရင်းမှာ နေ့စား၊ ကျပန်းလုပ်ငန်းများသာ လုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ ကလေးများအား ကျောင်းမထားနိုင်ခြင်း၊ အစီအစဉ်ရေးဆွဲရာတွင် ဆင်းရဲနွမ်းပါးသူများ၏ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြသော လိုအပ်ချက်များကို အလေးထား စဉ်းစားပေးသင့်သည်။ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကြောင့် လုပ်အားခရရှိပြီး ဝင်ငွေရလာမည်။ စာသင်ကျောင်းခြံစည်းရိုးခတ်ခြင်းကြောင့် ကျောင်းသားများ အန္တရာယ်ကင်း၍ လုံခြုံမည်။

# ကျား / မ ပိုင်ဆိုင်မှု ပြဇယား

ကျေးရွာ → ပြည့်တော်သာ

## အရင်းအမြစ် သုံးစွဲမှု ပုံစံပြ ဇယား

| ကျား | မ | ကျား မ |
|---|---|---|
| လှည်း | ထဘီ | ယာမြေ |
| နွား၊ရှည်း | သနပ်ခါးဘူး | အိမ် |
| ပုဆိုး | ကျောက်ပြင် | ဝိုင်း/ခြံ |
| ဓနိဝိုး | ဖုန်း | ကား |
| ဖုန်း | အပ်ချုပ်စက် | ဖုန်း |
| | ရွှေနားကပ် | TV |
| | ရွှေလက်ကောက် | အိုင်ကယ် |

ဒုတ်ပုံ → ဒါးတောင်ဖျား ၂၆.၁၂.၂၀၁၆

## အရင်းအမြစ် ထိန်းချုပ်မှု ပုံစံပြ ဇယား

| ကျား | မ | ကျား မ |
|---|---|---|
| လှည်း | ထဘီ | ယာမြေ |
| နွား၊ရှည်း | သနပ်ခါးဘူး | အိမ် |
| ပုဆိုး | ကျောက်ပြင် | ဝိုင်း/ခြံ |
| ဓနိဝိုး | အပ်ချုပ်စက် | ကား |
| | ရွှေနားကပ် | ဖုန်း |
| | ရွှေလက်ကောက် | TV |
| | | အိုင်ကယ် |

ကျား၊မ ပိုင်ဆိုင်မှုပြဇယား

အုပ်စု - မီးတောင်များ

ကျေးရွာ - ပြည်တော်သာ

ခွဲဝေခြင်းနှင့် ဆန်းစစ်ခြင်း

မြေယာ၊ နွားကျွဲ၊ ပုဆိုး၊ ထွန်တုံး တို့ကို အမျိုးသားများသုံးစွဲ၍ အမျိုးသား၊ အမျိုးသမီး ပါ ထိန်းချုပ်သည်။ ကျောက်ပြင်၊ အပ်ချုပ်စက်၊ ရွှေလက်ကောက်၊ ရွှေနားကပ် တို့ကို အမျိုးသမီးများသုံးစွဲ၍ အမျိုးသားများကပါ ထိန်းချုပ်သည်။ ယာမြေ၊ အိမ်၊ ဝိုင်းခြံ၊ ကား၊ TV၊ ဆိုင်ကယ် တို့အား အမျိုးသား၊ အမျိုးသမီး သုံးစွဲ၍ ပြုပြင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ထိန်းချုပ်ခြင်းတို့ကို အမျိုးသားများက ပြုလုပ်သည်။ အမျိုးသမီးများအား ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် အမျိုးသားများနှင့် တန်းတူခွဲဝေခြင်းဖြင့် ပစ္စည်းများ အား တန်းတူပိုင်ဆိုင်ကြောင်း သိရှိနိုင်သည်။

ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း





# ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီ

ကျေးရွာ ⇒ ပြည်တော်သာ

အုပ်စု ⇒ မိုးဟောင်းဖျား

ဦးဆိုးနိုင် | ဥက္ကဋ္ဌ | ဒေါ်စန်းစန်းမော်

**ဝယ်ယူရေး ဆပ်ကော်မတီ**
- ဦးတင်ဝင်း
- ဒေါ်အေးမာ
- ဦးကျော်ရွှေ

**စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ**
- ဒေါ်တင်ရွှေ
- ဦးသန်းဝင်း
- ဦးမောင်လွင်

**လုပ်ငန်းလည်ပတ် ပြုပြင် ထိန်းသိမ်းရေး ဆပ်ကော်မတီ**
- ဦးမောင်မွေး
- ဒေါ်အေးမှုန်
- ဒေါ်သန်းသန်းမြ

---

**စေတနာ့ဝန်ထမ်း**
- ဦးဇော်မြိုင်
- ဒေါ်ယဉ်ယဉ်နွယ်

**ဝေဖန်အကြံပြုကိုယ်စားလှယ်**
- ဦးဘိုဝင်း
- ဒေါ်မြမြအေး

**ငွေစာရင်းကိုင်**
- ဦးဆိုးလွင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာအစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ ကောင်းစံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဖိုးနိုင် | ၀၉ - ၇၉၄၈၅၉၀၅၄ | ဒေါ်မေဝင်းကြူ |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မန္တလေး | ညောင်ဦး | မင်းလေးဖျာ | ပြည့်ကော်သာ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၆၀ | ဘာသာ (၁) ဗုဒ္ဓ | ၁၆၀ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------- | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------- | |
| လူမျိုးစုရေ ------------- | | ဘာသာရေ ------------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၂၉၄ | ၃၂၅ |
| လူမျိုးစု (၂) ------------- | | |
| လူမျိုးစု (၃) ------------- | | |
| အိမ်ထောင်ဦးစီး | ၁၁၀ | ၃၀ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် ဓမ္မာရုံ ရှိပါသည် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း (circled) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ.

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ (circled)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁ ------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----၁၀ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ် (circled)/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်------------၁၀ မိနစ်------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ် (circled)/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ (circled) ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ -----------------------------------

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မီး/တောက် ကော်မတီအဖွဲ့

(၂) ------------------------------------

(ကျ) GAD မှတ်တမ်းတင်ထားမှုရှိပါသည်။

ကျေးရွာခေါင်းဆောင် အမည် ဦးစိုးနိုင်

လက်မှတ် [signature] နေ့စွဲ ၂၂.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး အမည် ဒေါ်မေဝင်းကြူ

လက်မှတ် [signature] နေ့စွဲ ၂၂.၁၂.၂၀၁၆

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မိုးဝင်း ၊ ဒေါ်မေဝင်းကြူ | | | |
| နေ့စွဲ ၂၂.၁၂.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ညောင်ဦး | ကျေးရွာအုပ်စု မီးလောင်မြား | ကျေးရွာ မြည်တော်သာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၂.၁၂.၂၀၁၆ | ၂၂.၁၂.၂၀၁၆ | ၄၈ | ၅၁ | ၁၄၀ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၁၂.၂၀၁၆ | ၂၆.၁၂.၂၀၁၆ | ၄၅ | ၄၈ | ၁၄၀ | " |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၉.၁၂.၂၀၁၆ | ၂၉.၁၂.၂၀၁၆ | ၁၄ | ၁၀ | ၂၅ | " |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မေဝင်းကြူ |
| နေ့စွဲ ၂၆-၁၂-၂၀၁၆ \| စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး \| မြို့နယ် ညောင်ဦး \| ကျေးရွာအုပ်စု မင်းဟောင်းမျှား \| ကျေးရွာ မြည်တော်သာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများသွားလာရန်ခက်ခဲ | ၁ | ကျန်းမာရေးအတွက်ဆေးပေးခန်းခက်ခဲ |
| ၂ | ကျောင်းသား/သူများ စာသင်ရန်ခက်ခဲ | ၂ | ရွာတွင်းလမ်းများ ရေတိုက်စား၍သွားလာရေးခက်ခဲ |
| ၃ | ရွာတွင်းလမ်းများ လျှပ်စစ်မီးခက်ခဲ | ၃ | စာသင်ကျောင်းဆောင်ကျဉ်း၍ ကျောင်းသူ/သားများ စာသင်ရန်ခက်ခဲ |
| ၄ | | ၄ | လျှပ်စစ်မီးတိုင်နည်း၍ မီးလင်းရေးခက်ခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများကောင်းမွန်စေချင်သည်။ | ၁ | ကျေးရွာဆေးပေးခန်းဆောက်ရန် |
| ၂ | စာသင်ကျောင်းဆောင်ပြုပြင်ရန် | ၂ | ရွာတွင်းလမ်းများကောင်းမွန်စေချင်ပါသည်။ |
| ၃ | ရွာတွင်းလမ်းများမီးလင်းစေချင်ပါသည်။ | ၃ | စာသင်ကျောင်းဆောင်တိုးချဲ့စေချင်ပါသည်။ |
| ၄ | | ၄ | လျှပ်စစ်မီးကြိုး မီးတိုင်များကိုချဲ့စေချင်ပါသည်။ |
| ၅ | | ၅ | |

**ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းကျောက်ချစ်လမ်းခင်းခြင်း | ကျား+မ | ၆၀၀၀၀၀၀ | ၆၁၉ |
| ၂ | စာသင်ကျောင်းဆောင်တိုးချဲ့ရန် | ကျား+မ | ၁၂၀၀၀၀၀၀ | |
| ၃ | မီးတိုင်မီးကြိုးသွယ်တန်းရန် | ကျား+မ | ၁၀၀၀၀၀၀၀ | |
| ၄ | ကျေးရွာဆေးပေးခန်း | မ | ၁၂၀၀၀၀၀၀ | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း ၊ | မ | |
| ၂ | ဆံထိုး ပန်းထိုးသင်တန်း ၊ | မ | |
| ၃ | အလှပြင်သင်တန်း ၊ | မ | |
| ၄ | ကွန်ပျူတာသင်တန်း၊ စိုက်ပျိုးရေး နည်းပညာသင်တန်း ၊ | ကျား | |
| ၅ | စက်မှု လက်မှုသင်တန်း ၊ | ကျား | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးစိုးနိုင်--- လက်မှတ် ---(လက်မှတ်)--- နေ့စွဲ ---၂၆.၁၂.၂၀၁၆---

# ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ဆိုးဝင်း ၊ ဒေါ်မြဝင်းကြူ

နေ့စွဲ ၂၉ . ၁၂ . ၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း မွန်ပြည်နယ် | မြို့နယ် ရေးမြို့ | ကျေးရွာအုပ်စု မိုးဟောင်မျှား

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| မိုးဟောင်မျှား(တ) | ရွာတွင်းလမ်း ခင်းခြင်း | 2060'x12'x6" | ၁၀၈၁ | ☐ ကျား ☐ မ ☑ ကျား+ မ | ၈၀၀၀၀၀၀ | | ၂၁၇၆၃၀ | | |
| မိုးဟောင်မျှား(မ) | ကျေးရွာ စာကြည့်တိုက် | 40'x26'x12' | ၁၇၆၁ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၀၀၀၀၀၀၀ | | ၁၈၇၂၁၀ | | |
| မိုးဟောင်မျှားကျွန်း | ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | 180'x12'x6" | ၆၁၁ | ☐ ကျား ☐ မ ☑ ကျား+ မ | ၈၀၀၀၀၀၀ | | ၁၉၈၆၁၅ | | |
| ပြည်တော်သာ | ကွန်ကရစ်လမ်း ခင်းခြင်း | 150'x15'x6" | ၆၁၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၆၀၀၀၀၀၀ | | ၉၅၅၇၂၀ | | |
| ပယ်ကန် | မိုးတိုင်မိုးကြိုး သွယ်တန်းခြင်း | 1785' | ၄၂၀ | ☐ ကျား ☐ မ ☑ ကျား+ မ | ၇၀၀၀၀၀၀ | | ၁၈၆၅၇၄ | | |

ရေသူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ဒေါ်သန်းသန်းဦး လက်မှတ် [signature] ရက်စွဲ ၂၉ . ၁၂ . ၂၀၁၆

အစည်းအဝေးကျင်းပသည့် နေ့ရက် = ၂၂.၁၂.၂၀၁၆

အစည်းအဝေး ကျင်းပသည့် အချိန် = နေ့လယ် (၁) နာရီ

အစည်းအဝေး ကျင်းပသည့် နေရာ = ကျေးရွာ ဘုန်းကြီး ကျောင်း

အစည်းအဝေး ပြုလုပ်သူ = ဦးကျော်စိုးဝင်း၊ ဒေါ်မြဝင်းကြူ၊ ဒေါ်မိုးမိုးနိုင်

အစည်းအဝေး တက်ရောက်သူ = ကျေးရွာလူထု

အစည်းအဝေး ရည်ရွယ်ချက် = လူထုမှပဲ့ကိုင်သော စီမံကိန်း ဖော်ဆောင်ခြင်း နှင့်
ဆောင်ရွက်ရန် ဝန်ဆောင်မှုရွေးချယ်ခြင်း

အခမ်းအနား အစီအစဉ် (၁) - လူထုစည်းရုံးရေးမှူး ဒေါ်မြဝင်းကြူ မှ အခမ်းအနားအစီအစဉ်ကို
များ မိတ်ဆက်ကြေညာ၍ အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေငြာခဲ့ပါသည်။

အခမ်းအနား အစီအစဉ် (၂) - ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုးနိုင် မှ အဖွင့်အမှာစကား
ပြောကြားပြီး ကျေးရွာလူထုမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်
တိုက်တွန်း ပြောကြားခဲ့ပါသည်။

အခမ်းအနား အစီအစဉ် (၃) - လူထုစည်းရုံးရေးမှူး ဒေါ်မြဝင်းကြူ မှ အစည်းအဝေးပြုလုပ်
ရသည့် ရည်ရွယ်ချက်ကို ကျေးရွာလူထုအား ရှင်းလင်း ပြောကြားခဲ့
ပါသည်။

အခမ်းအနား အစီအစဉ် (၄) - လူထုစည်းရုံးရေးမှူး ဒေါ်မြဝင်းကြူမှ လူထုမှပဲ့ကိုင်သော စီမံကိန်း၏
အကြောင်း နှင့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့ပါသည်။

အခမ်းအနား အစီအစဉ် (၅) - လူထုစည်းရုံးရေးမှူး ဒေါ်မြဝင်းကြူမှ ရံပုံငွေ ချထားပေးမှုပုံစံ နှင့်
ခွဲဝေမှုတို့အား ကျေးရွာလူထုကို ရှင်းလင်းတင်ပြခဲ့ပါသည်။

အခမ်းအနားအစီအစဉ် (၆) - လူထုဆက်ဆံရေးမှူး ဒေါ်မိုးမိုးခိုင် မှ စီမံကိန်းဆောင်ရွက်မှုအား ရှင်းလင်းဟောပြောချက်၊ စီမံကိန်းဆောင်ရွက်မည့် အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်အား ကျေးရွာလူထု နှင့် ဆွေးနွေးတင်ပြခဲ့ပါသည်။

အခမ်းအနားအစီအစဉ် (၇) - သစ်တောကျွမ်းကျင်ပညာမှူး ဦးကျော်စိုးဝင်း မှ အကျိုးထိရောက်သော လုပ်ငန်းများအကြောင်းနှင့် အကျိုးမထိရောက်သော လုပ်ငန်းများ အကြောင်း ဆွေးနွေး တင်ပြခဲ့ပါသည်။

အခမ်းအနား အစီအစဉ် (၈) - သစ်တောကျွမ်းကျင်ပညာမှူး ဦးကျော်စိုးဝင်း မှ လျှော်ပတ်ပြုပြင်ထိန်းသိမ်းရေး အကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။ ဆက်လက်၍ သဘာဝပတ်ဝန်းကျင် အကာအကွယ် နှင့် လူမှုအကာအကွယ် များ အကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။

အခမ်းအနားအစီအစဉ် (၉) - လူထုဆက်ဆံရေးမှူး ဒေါ်မိုးမိုးခိုင် မှ ကျား၊မ ရေးရာ အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ပါသည်။

အခမ်းအနား အစီအစဉ် (၁၀) - လူထုဆက်ဆံရေးမှူး ဒေါ်မေဝင်းကြူ မှ အကြံပြုတိုင်ကြား- ဖြေရှင်းခြင်းစနစ်၏ အခန်းကဏ္ဍများကို ကျေးရွာလူထုနှင့် ဆွေးနွေးခဲ့ ပါသည်။

အခမ်းအနားအစီအစဉ် (၁၁) - လူထုဆက်ဆံရေးမှူး ဒေါ်မိုးမိုးခိုင် မှ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို ဆွေးနွေး တင်ပြခဲ့ပါသည်။

အခမ်းအနားအစီအစဉ် (၁၂) - လူထုဆက်ဆံရေးမှူး ဒေါ်မေဝင်းကြူ မှ ဆောင်ရန် နှင့် ရှောင်ရန် အချက်များအား ဆွေးနွေးခဲ့ပါသည်။

အခမ်းအနားအစီအစဉ် (၁၃) - လွှတ်တော်ဥက္ကဋ္ဌ ဒေါ်မေဝင်းကြူမှ ကျေးဇူးတင်စကားနှုတ်ဆက်

ပါ၏ တာဝန်ပေးထားသူများအား ရှင်းလင်းပြောကြားပြီ၊ ကျေးဇူးတင်လွှာ

ဘာသာစကားအလိုက် ကျေးဇူးတင်စကားနှုတ်ဆက်

ဦးခေါ်မိုင်း ၊ ဒေါ်ယဉ်ယဉ်မွှယ်

တို့အား ရွေးချယ်ခဲ့ပါသည်။

အခမ်းအနားအစီအစဉ် (၁၄) - လွှတ်တော်ဥက္ကဋ္ဌ ဒေါ်မေဝင်းကြူ မှ လွှတ်တော်ကိုယ်စားလှယ် ဖိတ်ခေါ်၍

ဒုတိယဥက္ကဋ္ဌနှင့်အတူ ဖိတ်ခေါ်၍ မိတ်ဆက်စကားအား ပထမရေး

အခမ်းအနားအစီအစဉ်များ ပြီးဆုံးကြောင်း ကြေညာခဲ့ပါသည်။

ဖိတ်ခေါ်၍ မိတ်ဆက်စကားအား ပထမရေး အစီအစဉ်များ ( ၄ ) နာရီတွင်

ပြီးဆုံးခဲ့ပါသည်။ ။

အစည်းအဝေးကျင်းပသည့် နေ့ရက် - ၂၆.၁၂.၂၀၁၆

အစည်းအဝေးကျင်းပသည့် အချိန် - နေ့လည် (၁) နာရီ

အစည်းအဝေးကျင်းပသည့် နေရာ - ကျေးရွာဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သူ - ဦးကျော်စိုးဝင်း၊ ဒေါ်မေဝင်းကြူ

အစည်းအဝေးတက်ရောက်သူ - ကျေးရွာလူထု

အစည်းအဝေး ရည်ရွယ်ချက် - လူမှုဆန်းစစ်မှုများပြုလုပ်ရန်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ရေးဆွဲခြင်းနှင့် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဖွဲ့စည်းရန်။

အခမ်းအနား အစီအစဉ် (၁) ။ ။ လူထုစည်းရုံးရေးမှူး ဒေါ်မေဝင်းကြူမှ အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ကျေးရွာလူထုနှင့် ပြန်လည်ဆွေးနွေးခဲ့ပါသည်။

အခမ်းအနား အစီအစဉ် (၂) ။ ။ လူမှုဆန်းစစ်ခြင်းများကို လူထုစည်းရုံးရေးမှူး ဒေါ်မေဝင်းကြူ၊ သက်ထောက်နည်းပညာမှူး ဦးကျော်စိုးဝင်း တို့မှ ကျေးရွာလူထုနှင့် ပူးပေါင်း ဆောင်ရွက်၍ တစ်ခုချင်းစီကို သုံးသပ်တင်ပြခဲ့သည်။ (၁) ကျေးရွာသမိုင်း (၂) လူမှုရေးအရင်းအမြစ်ပြမြေပုံ (၃) ရာသီဥတုပြ ပြက္ခဒိန် (၄) အဖွဲ့အစည်းချိတ်ဆက်မှုပြ ဇယား (၅) ကျားမပင့်ကူအိမ် (၆) [illegible] ခွဲခြားသတ်မှတ်ပုံ (၇) ကျားမ အရင်း အမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုပုံစံတို့ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနား အစီအစဉ် (၃) ။ ။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ရေးဆွဲရာတွင် စည်းရုံးရေးမှူးများမှ ကျေးရွာလူထုနှင့် ပူးပေါင်း ဆောင်ရွက်ရန် ကျေးရွာ လူထု အမျိုးသား၊ အမျိုးသမီးတို့၏ အခက်အခဲ များ၊

မျှော်မှန်းချက်များ ဖော်ထုတ်ပြီး ပြဿနာအသစ်ပင်
ရေးဆွဲ၍ ကျေးရွာလူထု၏ လိုအပ်ချက် (၄) နှစ်စာ
လုပ်ငန်းများ ဖော်ထုတ်ခဲ့ပါသည်။

ပထမနှစ် - ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊
ဒုတိယနှစ် - စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း၊
တတိယနှစ် - မီးကြိုး မီးတိုင်သွယ်တန်းခြင်း၊
စတုတ္ထနှစ် - ကျေးရွာဆေးပေးခန်း

အခမ်းအနားအစီအစဉ် (၄) ။ ။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဖွဲ့စည်းခြင်းနှင့် ဝေမှန်အကြံပြုကိုယ်စားလှယ်များ ရွေးချယ်ခဲ့ပါသည်။ ထိုသို့ ရွေးချယ်ရာတွင် စည်းရုံးရေးမှူးမှ ကော်မတီများ၏ တာဝန်ဝတ္တရားများကို ပြောကြား၍ ကျေးရွာလူထု၏ သဘောဆန္ဒအရ ရွေးချယ်ခဲ့ပါသည်။

အခမ်းအနားအစီအစဉ် (၅) ။ ။ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း မိတ်ဆက်အစည်းအဝေး ဒုတိယနေ့ အခမ်းအနား အစီအစဉ်များ ပြီးဆုံးကြောင်း ကြေငြာခဲ့ပါသည်။

စီမံကိန်း မိတ်ဆက် ဒုတိယနေ့ အစီအစဉ်များ ( ၄ ) နာရီတွင် ပြီးဆုံးခဲ့ပါသည်။ ။

ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ကျား၊မ | | ကျေးရွာလူထု | |
| | ၂ | စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း | ကျား၊မ | | ကျေးရွာလူထု | |
| | ၃ | မီးကြိုးမီးတိုင်သွယ်တန်းခြင်း | ကျား၊မ | | ကျေးရွာလူထု | |
| | ၄ | ကျေးရွာဆေးပေးခန်း | မ | | ကျေးရွာလူထု | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စွမ်းရည်မြှင့်တင်ရေး | ၁ | စက်ချုပ်သင်တန်း | မ | | ကျေးရွာလူထု | |
| | ၂ | ချည်ထိုးပန်းထိုးသင်တန်း | မ | | 〃 | |
| | ၃ | အလှပြင်သင်တန်း | မ | | 〃 | |
| | ၄ | ကွန်ပျူတာသင်တန်း၊ ဆိုင်ကယ်ပြုပြင်ရေးနည်းပညာသင်တန်း | ကျား | | 〃 | |
| | ၅ | စက်မှုလက်မှုသင်တန်း | ကျား | | 〃 | |
| ကျန်းမာရေး ပတ်ဝန်းကျင် | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |